စိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

# ထူးချွန်ခြင်းဆိုသည်မှာ မတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ်

# Excellence is never an accident

Derric Johnson



တာဒီယအကြိုပ်

pe thit u

mgyoe.com

mgyoe.com

ပစ္စုပ္ပန်ကို အတိတ်က
အရောင်ဆိုးသည် ဆိုသည်မှာ မှန်၏။
ထို့အတူ အနာဂတ်၏ အရောင်များကို
ကျွန်ုပ်တို့ ရွေးချယ်လို့ရသည်မှာလည်း
မှန်၏။

# မြတ်ငြိမ်း

## ထူးချွန်ခြင်းဆိုသည်မှာ
မတော်တဆဖြစ်လာခြင်း
အလျဉ်းမဟုတ်

**Excellence is never an accident**
**Derric Johnson**



MN0003
1,500.00 KS

mgyoe.com

mgyoe.com

ထူးချွန်ခြင်းဆိုသည်မှာမတော်တဆဖြစ်လာခြင်းအလျဉ်းမဟုတ်၊ မြတ်ငြိမ်း
မျက်နှာဖုံးပန်းချီ - ပေသစ်တည်
တမျက်နှာ ၁၇၁ မျက်နှာ၊ ၁၂ •၈စင်တီ× ၁၈ •၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၅ သဟဇာတစာပေ၏ ဒုတိယအကြိမ်မှူး

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▫ ▫ ▫ ▫ ▫ ▫ ▫ ▫ ▫ ▫

# ထူးချွန်ခြင်းဆိုသည်မှာ မတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ်

# EXCELLENCE IS NEVER AN ACCIDENT

**Derric Johnson**

## မြတ်ငြိမ်း

မြန်မာပြန်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဘာသာပြန်သူ၏အမှာ

'ထူးချွန်ခြင်းဆိုသည်မှာ မတော်တဆဖြစ်လာခြင်း အလျဉ်း မဟုတ်' နိုင်ငံတကာအဆိုအမိန့်များစာအုပ်ကို ဘာသာပြန်ရာ၌ ကျောင်းသူ၊ ကျောင်းသားလူငယ်များအတွက် အထူးရည်ရွယ် ပြန်ဆိုခဲ့ကြောင်း ဦးစွာအစီရင်ခံလိုပါသည်။

ဤအဆိုအမိန့်များကြောင့် နိုင်ငံရေး၊ ဘဝအားမာန်၊ စီးပွား ရေး၊ လူမှုရေး၊ ကြီးပွားတိုးတက်ရေး စသည်ဖြင့် အကြောင်းအရာ ပေါင်းများစွာနှင့် ပတ်သက်နေသည်ဖြစ်ရာ လူငယ်လူရွယ်များ အနေဖြင့် စာရေးရာ၌လည်းကောင်း၊ စကားပြောရာ၌လည်း ကောင်း ထုတ်နုတ်ကိုးကားစရာ၊ မှတ်သားစရာများ ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ တွဲပေးထားသည့်အတွက် အင်္ဂလိပ်လိုလည်း ကိုးကားလို့ရ၊ မြန်မာ လိုလည်း ဖော်ပြလို့ရနိုင်ပါသည်။

mgyoe.com

mgyoe.com



ထို့ပြင် ဤစာအုပ်ပါ အဆိုအမိန့်များကို ပြောခဲ့သူများ၏ အတ္ထုပ္ပတ္တိအကျဉ်းများကို လက်လှမ်းမီသလောက် ရှာဖွေဖော်ပြထားပါသည်။ မှတ်လောက်သားလောက် စကားပြောခဲ့သူများ၏ ကိုယ်ရေးရာဇဝင်ကို အတိုင်းအတာတစ်ခုအထိ သိထားခြင်းဖြင့် သူတို့၏ အဆိုအမိန့်များ ပိုလေးနက်လာစေမည်ဟု ယူဆသောကြောင့် ဤသို့ဖော်ပြခြင်းဖြစ်ပါသည်။ သို့သော် အဆိုအမိန့်ရှင်အားလုံး၏ အတ္ထုပ္ပတ္တိများကို လက်လှမ်းမမီသည့်အတွက် လက်လှမ်းမီသလောက်သာ ဖော်ပြထားခြင်းကို နားလည်ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်။ ဤအဆိုအမိန့်များကို ဘာသာပြန်ရာ၌ လွဲမှားသည်ရှိသော်၊ အယူအဆတိမ်းစောင်းသည်ရှိသော် ဘာသာပြန်သူ၌သာ တာဝန်ရှိကြောင်း ဝန်ခံအပ်ပါသည်။

*စာဖတ်သူများအား လေးစားလျက်*
*မြတ်ငြိမ်း*

■

mgyoe.com

No matter what
accomplishments you make...
somebody helps you.

***Althea Gibson***

သင် ဘယ်လို အောင်မြင်မှုမျိုးတွေရအောင်
စွမ်းဆောင်နိုင်သည်ဖြစ်စေ သင့်အား
တစ်စုံတစ်ဦးက ကူညီနေသည်။

အဲလ်သီးယား ဂစ်ဘ်ဆန်

mgyoe.com

mgyoe.com

If the grass is greener
on the other side of the fence ...
it's time to fertilize your lawn!

***Anonymous***

❖ ❖ ❖

ဟိုဘက်ခြံက မြက်တွေက
ပိုပြီးစိမ်းနေသည်ဆိုလျှင်
သင့်မြက်ခင်းကို မြေသြဇာကျွေးဖို့
အချိန်တန်နေပြီဖြစ်၏။

(အမည်မသိ) စာဆို

mgyoe.com

Man's mind once
stretched by a new idea...
never regains its original dimension.

***Oliver Wendell Holmes***

အတွေးသစ်တစ်ခုကြောင့် ပြန့်ကားသွားသော
လူ့စိတ်သည် သူ့နဂိုမူလ အတိုင်းအတာသို့
ဘယ်တော့မှ ပြန်မကျုံ့တော့ချေ။

အော်လီဗာ ဝင်းဒဲလ် ဟုမ်း

mgyoe.com

mgyoe.com

You see things that are
and say, "Why?"
But I dream things that never
were and say, "Why not?"

***George Bernard Shaw***

❖ ❖ ❖

သင်က ရှိနေသည့်အရာများကို မြင်သည်။
ပြီးတော့ မေးသည်။ "ဘာဖြစ်လို့
ဒါတွေရှိနေတာလဲ"ဟု။
သို့သော် ကျွန်ုပ်ကတော့ ဘယ်တုန်းကမှ
မရှိခဲ့သည့်အရာများကို စိတ်ကူး
မှန်းဆပြီး မေးသည်။
"ဘာဖြစ်လို့ ဒါတွေ မရှိခဲ့ရတာလဲ"ဟု။

ဂျော့ ဘားနတ်ရှော

mgyoe.com

We attract what we expect;
We reflect what we desire;
We become what we respect;
We mirror what we admire.

***Anonymous***

ကျွန်ုပ်တို့ မျှော်လင့်သည်ကိုသာ ကျွန်ုပ်တို့ စိတ်ဝင်စား၏။ ကျွန်ုပ်တို့ ဆန္ဒရှိသည်ကိုသာ ကျွန်ုပ်တို့ တွေးဆ၏။ ကျွန်ုပ်တို့ တန်ဖိုးထားလေးစားသည့်အတိုင်း ကျွန်ုပ်တို့ ဖြစ်လာ၏။ ကျွန်ုပ်တို့ နှစ်သက်လေးစားသည့်အတိုင်းသာ ကျွန်ုပ်တို့ ပုံပေါ်လာ၏။

(အမည်မသိ) စာဆို

mgyoe.com

mgyoe.com

Imagination is more important
than knowledge.

***Albert Einstein***

❖ ❖ ❖

အသိပညာထက်
စိတ်ကူးစိတ်သန်းက ပို၍ အရေးကြီးသည်။

အဲလ်ဘတ် အိန်စတိန်း


mgyoe.com

mgyoe.com



Curiosity keeps us moving
forward, exploring,
experimenting,
opening new doors.

***Walt Disney***



သိလိုစိတ်က ကျွန်ုပ်တို့အား ရှေ့သို့
တစိုက်မတ်မတ် လျှောက်လှမ်းနေစေပြီး
စူးစမ်းရှာဖွေခြင်း၊ လက်တွေ့စမ်းသပ်
စစ်ဆေးခြင်းတို့ ပြုလုပ်စေကာ
တံခါးအသစ်များ ပွင့်စေသည်။

ဝေါ့ဒစ်စနေ

mgyoe.com

mgyoe.com

Limits exists only in the souls
of those who do not dream.

***Anonymous***

❖ ❖ ❖

အကန့်အသတ်များသည် စိတ်ကူးယဉ်
အိပ်မက်မမက်သူများ၏
စိတ်ထဲမှာသာ ဖြစ်တည်နေ၏။

(အမည်မသိ) စာဆို

mgyoe.com

To see things in a seed...
that is vision.

***Anonymous***

မျိုးစေ့ထဲမှာ ရှိနေသည့်
အရာများကို မြင်တတ်ခြင်းသည်
အာရုံခံအမြင်ဖြစ်၏။

(အမည်မသိ) စာဆို

mgyoe.com

mgyoe.com

Why not go out on a limb?
Isn't that where the fruit is?

***Anonymous***

❖ ❖ ❖

ဘာကြောင့်
သစ်ကိုင်းတစ်ကိုင်းပေါ်တက်ပြီး
မသွားရမှာလဲ။
သစ်သီးက အဲသည်မှာရှိသည်
မဟုတ်လား။

(အမည်မသိ) စာဆို

mgyoe.com

mgyoe.com



High expectations
are the key to everything.

***Sam Walton***

ကြီးမားသော မျှော်လင့်ချက်များသည်
အရာရာတိုင်း၏ သော့ချက်ဖြစ်၏။

ဆမ် ဝေါလ်တန်

mgyoe.com

mgyoe.com

Experience is not
the best teacher...
it is the only teacher.

***Anonymous***

❖ ❖ ❖


အတွေ့အကြုံသည်
အကောင်းဆုံးဆရာမျှမဟုတ်
တစ်ဦးတည်းသော ဆရာဖြစ်၏။

(အမည်မသိ)စာဆို

mgyoe.com

If you want to feel rich...
just count all of the
things you have...
that money can't buy.

***Anonymous***



သင်သည် ချမ်းသာကြွယ်ဝသည်
ဟု ခံစားလိုလျှင် သင့်မှာရှိသည့်
ငွေဖြင့်ဝယ်လို့မရသော အရာအားလုံး
ကို ရေတွက်ကြည့်လိုက်ပါ။

(အမည်မသိ)စာဆို

mgyoe.com

Always remember
that the best things in life
aren't things.

***Anonymous***

❖ ❖ ❖

လူ့ဘဝမှာ အကောင်းဆုံးဆိုသည့်
အရာများသည်
ပစ္စည်းဥစ္စာများ မဟုတ်ကြောင်း
အမြဲနှလုံးသွင်းထားပါ။


(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

If you play it safe in life,
you've decided you don't want
to grow anymore.

***Anonymous***



လူ့ဘဝတွင် သေချာစိတ်ချရသော
ကိစ္စများကိုသာ ပြုလုပ်မည်ဆိုလျှင်
သင်သည် နောက်ထပ် မကြီးထွား
မရင့်သန်ချင်တော့ဟု ဆုံးဖြတ်ထား
ပြီးရာ ရောက်ပေသည်။

(အမည်မသိ)စာဆို

mgyoe.com

The man on top of the
mountain didn't fall there.

***Anonymous***

❖ ❖ ❖

တောင်ထိပ်သို့ ရောက်နေသူသည်
ထိုနေရာသို့ ပြုတ်ကျလာခြင်း မဟုတ်။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com


Creativity is finding new things...
or expressing old truths
in new ways.

***Roger Vol Oech***

တီထွင်စွမ်းဆိုသည်မှာ အကြောင်းအရာ အသစ်အဆန်း
များကို ရှာဖွေတွေ့ရှိခြင်း သို့မဟုတ် အမှန်တရား
အဟောင်းများကို သစ်ဆန်းသောပုံစံများဖြင့်
ဖော်ထုတ်တင်ပြခြင်းဖြစ်ပါသည်။

ရော်ဂျာဘော်လ် အိုအက်

mgyoe.com

mgyoe.com

What the caterpillar calls
"the end" ... the butterfly
calls "the beginning."

***Anonymous***

❖ ❖ ❖


ပေါက်ဖတ်က 'ဇာတ်သိမ်း'ဟု
ခေါ်သည့်အပိုင်းကို လိပ်ပြာက
'ဇာတ်လမ်းအစ'ဟု ခေါ်သည်။

(အမည်မသိ)စာဆို

mgyoe.com

One of the greatest enemies
that we can ever face in life...
is the illusion that
there will be more time tomorrow
than there is today.

***Anonymous***



လူ့ဘဝတွင် ကျွန်ုပ်တို့ ကြုံတွေ့နိုင်သည့်
ကြောက်စရာအကောင်းဆုံး ရန်သူများထဲမှ
ရန်သူတစ်ဦးကား မနက်ဖြန်ဆို ယနေ့ထက်
အချိန်ပိုရမှာပါဟူသော အတွေးမှားဖြစ်၏။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

When an archer misses the mark, he turns and looks for the fault within himself. Failure to hit the bulls-eye is never the fault of the target. To improve your aim... improve yourself.

***Anonymous***

❖ ❖ ❖


လေးသည်တော်တစ်ဦးသည် ပစ်မှတ်ကို လွဲချော်သည်ရှိသော် သူက တစ်ဖက်ကိုလှည့်ပြီး သူ့ချွတ်ယွင်းချက်ကို လေ့လာဆန်းစစ်၏။ စက်ကွင်းဗဟိုချက်ကို လွဲချော်ခြင်းသည် စက်ကွင်း၏ ချွတ်ယွင်းချက် လုံးဝမဟုတ်။ သင်ပိုပြီး လက်တည့်လာစေဖို့ သင့်ကိုယ်သင် တိုးတက်အောင် လေ့ကျင့်ပါလေ။

(အမည်မသိ)စာဆို

mgyoe.com

Reach for the possible...
not just the expected.

***Anonymous***



မျှော်လင့်ထားသလောက်ကိုသာ မဟုတ်ဘဲ
ဖြစ်နိုင်ခြေရှိသည်ကိုပါ လက်လှမ်းပါ။

(အမည်မသိ)စာဆို

mgyoe.com

You are young at any age...
if you're planning for tomorrow.

***Anonymous***

❖ ❖ ❖

သင်သည် မနက်ဖြန်အတွက် စီမံကိန်း
ချနေသည်ဆိုလျှင် ဘယ်အသက်
အရွယ်မှာမဆို သင်နုပျိုနေပါမည်။

(အမည်မသိ)စာဆို

mgyoe.com

It is true that the present
is colored by the past...
it is also true we can choose
the colors of the future.

***Anonymous***

ပစ္စုပ္ပန်ကို အတိတ်က အရောင်ဆိုးသည်
ဆိုသည်မှာ မှန်၏။ ထို့အတူ အနာဂတ်၏
အရောင်များကို ကျွန်ုပ်တို့ ရွေးချယ်လို့
ရသည်ဆိုသည်မှာလည်း မှန်၏။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

To understand the mind of a person,
look at what he has already achieved.
To understand the heart of a person,
look at what he aspires yet to do.
***Anonymous***

❖ ❖ ❖

လူတစ်ယောက်၏စိတ်ကို သဘောပေါက်ရန်အတွက် သူ ပေါက်မြောက်ပြီးဖြစ်သည့် စွမ်းဆောင်ချက်များကို ကြည့်ပါ။ လူတစ်ယောက်၏ နှလုံးသားကို နားလည်ရန်အတွက် သူပြုလုပ်ဖို့ အားသန်နေသည့် အကြောင်းကိစ္စများကို ကြည့်ပါ။

(အမည်မသိ)စာဆို

mgyoe.com

Faith is not trying to believe
something regardless of evidence.
Faith is daring to do something
regardless of the consequence.

***Anonymous***

သက်ဝင်ယုံကြည်မှုဆိုသည်မှာ သက်သေ
အထောက်အထားကို ဂရုမထားဘဲ တစ်စုံ
တစ်ခုကို ဖွတ်မိုက်ယုံကြည်ဖို့ အားထုတ်
ခြင်းမဟုတ်။ သက်ဝင်ယုံကြည်မှုဆိုသည်
မှာ အကျိုးဆက်ကို ဂရုမထားဘဲ တစ်စုံ
တစ်ခုကို ဖွတ်မိုက်လုပ်ဝံ့ခြင်းဖြစ်၏။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

Vision is the art
of the seeing things invisible.

***Jonathan Swift***

❖ ❖ ❖

အာရုံခံအမြင်သည် မျက်စိဖြင့်ကြည့်လို့
မမြင်နိုင်သည့် အရာများကို
မြင်နိုင်တွေ့နိုင်သည့် အနုပညာဖြစ်၏။


ဂျိုနသန် ဆွစ်ဖ်

mgyoe.com

mgyoe.com


If you can dream it,
you can do it.

***Walt Disney***



ထိုအရာကို သင် စိတ်ကူးယဉ်လို့ရလျှင်
ထိုအရာကို သင် ဖန်တီးလို့ ရသည်။

ဝေါ့ ဒစ်စနေ

mgyoe.com

mgyoe.com


I don't know what your destiny will be... but one thing I know... the only ones among you who will be really happy... are those who will have sought and found how to serve.

***Dr.Albert Schweitzer***

❖ ❖ ❖

သင့်ကံကြမ္မာလမ်းကြောင်း မည်သို့ရှိမည်ကို ကျွန်ုပ်မသိ။ သို့ပေမယ့် သင်တို့အထဲတွင် တကယ်တမ်း စိတ်ချမ်းသာ ပျော်ရွှင်မည့်သူများသည် ဘယ်လို အလုပ်အကျွေးပြုရမည်လဲ ဆိုတာ ရှာဖွေသူများနှင့် ရှာဖွေတွေ့ရှိသူများသာ ဖြစ်မည်ဆိုတာ တစ်ခုတော့ ကျွန်ုပ်သိသည်။


အဲလ်ဘတ် ရှိုင်ဇာ

mgyoe.com

mgyoe.com


Regret of the past
and fear of the future...
are twin enemies of the soul.

***Anonymous***



အတိတ်အတွက် စိတ်မကောင်းဖြစ်ခြင်းနှင့်
အနာဂတ်အတွက် ကြောက်ရွံ့ခြင်းသည်
စိတ်၏ ရန်သူတော် အမြွှာညီနောင် ဖြစ်ပေသည်။

(အမည်မသိ)တဆို

mgyoe.com

mgyoe.com

Without inspiration ...
we would perish...

***Walt Disney***

❖ ❖ ❖

စိတ်ဓာတ်အားမာန် မရှိလျှင်
ကျွန်ုပ်တို့ ပျက်သုဉ်းသွားမည်သာ။

ဝေါ့ ဒစ်စနေ

mgyoe.com

mgyoe.com


The one who says
it cannot be done...
should never interrupt
the one who is doing it.

***Anonymous***

သည်ကိစ္စကတော့ လုပ်လို့
ဖြစ်မှာမဟုတ်ဘူးဟု ပြောသူတစ်ဦး
သည် ထိုကိစ္စကို လုပ်ဆောင်နေသူတစ်ဦး
အား ဘယ်တော့မှ မနှောင့်ယှက်အပ်။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com


If there be any truer measure
of a man than what he does...
it must be what he gives.

***Anonymous***

❖ ❖ ❖

လူတစ်ဦးကို သူ၏လုပ်ဆောင်မှုဖြင့်
တန်ဖိုးဖြတ်ခြင်းထက် ပို၍မှန်ကန်သော
တန်ဖိုးဖြတ်နည်း ရှိသေးသည်ဆိုလျှင်
သူ၏ပေးဆပ်မှုဖြင့် တန်ဖိုးဖြတ်ခြင်း
သာ ဖြစ်ရမည်။

(အမည်မသိ)စာဆို

mgyoe.com

There is no pillow as soft
as a clear conscience.

***John Wooden***

လိပ်ပြာသန့်ခြင်းလောက်
နူးညံ့ပျော့ပျောင်းသည့် ခေါင်းအုံးမရှိ။

ဂျွန် ဝုဒင်

mgyoe.com

To forgive calls upon your love...
To forget calls upon your strength.

***Anonymous***

❖ ❖ ❖

ခွင့်လွှတ်ရန်အတွက်
သင့်မေတ္တာတရားကို ပန်ကြားပါ။
မေ့ဖျောက်ရန်အတွက်
သင့်စိတ်ခွန်အားကို ဆင့်ခေါ်ပါ။


(အမည်မသိ)စာဆို

mgyoe.com

mgyoe.com


I will permit no man
to narrow and degrade my soul
by making me hate him.

***Booker T. Washinton***



သူ့ကို မုန်းတီးအောင် ဖန်တီးပြီး ကျွန်ုပ်၏
စိတ်ထားသေးသိမ်ယုတ်ညံ့အောင် ပြုလုပ်ခွင့်ကို
ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ လိုက်လျောလိမ့်
မည်မဟုတ်။

ဘွတ်ကာ တီ ဝါရှင်တန်

mgyoe.com

mgyoe.com


Ask less often,
"What's in it for me?"
and ask more often,
"What's in me for it?"

***Dr. John Ed Mathison***

❖ ❖ ❖

"ဒီအထဲမှာ ကျုပ်ဝေစုက ဘယ်လောက်လဲ"
ဆိုတာမျိုး ခဏခဏ မမေးပါနှင့်။
"ဒီကိစ္စအတွက် ကျုပ်ဘာလုပ်ပေးလို့ရမလဲ"
ဆိုတာမျိုးသာ ထပ်ကာတလဲလဲမေးပါ။

ဒေါက်တာ ဂျွန် အက်ဒ်၊ မက်သီဆန်

mgyoe.com

Success can be
another form of failure...
if we forget what our priorities are.

***Anonymous***

ကျွန်ုပ်တို့၏ ဦးစားပေးကိစ္စများကို
မေ့လျော့နေလျှင် အောင်မြင်မှုသည်လည်း
ဆုံးရှုံးမှုပုံစံတစ်မျိုး ဖြစ်သွားနိုင်၏။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

Fame is a vapour,
Popularity an accident,
Riches take wings.
Only one thing endures...
CHARACTER.

***Anonymous***

❖ ❖ ❖

ထင်ပေါ်ကျော်ကြားခြင်းသည် အခိုးအငွေ့သာဖြစ်ပြီး ရေပန်းစားခြင်းသည် မတော်တဆမှုဖြစ်ကာ ဥစ္စာဓနများက အတောင်ပေါက် ပျံသန်းတတ်၏။ အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲသည့် တစ်ခုတည်းသောအရာမှာ စရိုက်လက္ခဏာဖြစ်၏။

(အမည်မသိ)စာဆို

mgyoe.com

He who makes a mistake
and fails to correct it...
makes another.

***Anonymous***

အမှားတစ်ခု ပြုမိပြီး
၎င်းအမှားကို မပြင်ခြင်းသည်
နောက်ထပ်အမှားတစ်ခု ကျူးလွန်ခြင်းတည်း။

(အမည်မသိ)စာဆို

mgyoe.com

We are paid best
for the things
we do for nothing.

***Anonymous***

❖ ❖ ❖

ကျွန်ုပ်တို့ အခမဲ့ ဆောင်ရွက်ပေးသည့်
အကြောင်းကိစ္စများအတွက် ကျွန်ုပ်တို့
အမြင့်ဆုံးလုပ်ခများ ရကြသည်။

(အမည်မသိ)စာဆို

mgyoe.com

He who criticizes
is seldom forgiven.
He who encourages
is seldom forgotten.

***Anonymous***

အပြစ်တင်ဝေဖန်သူတစ်ဦးကို
(လူတွေက) ခွင့်လွှတ်ခဲသည်။
အားပေးတိုက်တွန်းသူတစ်ဦးကို
(လူတွေက) မေ့ပျောက်ခဲသည်။

(အမည်မသိ)စာဆို

mgyoe.com

mgyoe.com

Duty is a very personal thing...
It is what comes from knowing
the need to take action... and
not just a need to urge
others to do something.

***Mother Teresa***

❖ ❖ ❖


တာဝန်ဆိုသည်မှာ အလွန်ကိုယ်ရေးကိုယ်တာဆန်သော အသိတရားဖြစ်သည်။ ထိုအသိတရားသည် အခြားသူများအား တစ်စုံတစ်ခုလုပ်လာအောင် တိုက်တွန်းဖို့လိုအပ်ကြောင်း သိခြင်းမျှသာမဟုတ်ဘဲ အရေးယူဆောင်ရွက်ဖို့လိုအပ်ကြောင်း သိခြင်းမှ ပေါက်ဖွားလာသည်။

မာသာ ထရီဇာ

mgyoe.com

The difference between
an error and a mistake...
depends on how long it takes you
to correct the error.

***Anonymous***



ချွတ်ချော်တိမ်းစောင်းမှုနှင့် အမှား၏
ကွာခြားချက်သည် ၎င်းအမှားကို ပြင်ဆင်ဖို့
အချိန်ဘယ်လောက် ကြာကြာယူရသလဲ
ဆိုတာပေါ်မှာ မူတည်၏။

(အမည်မသိ)စာဆို

mgyoe.com